# The Japanese Government is searching for the remains of the Japanese fallen during WWII







## *Any information on remains highly appreciated*





Today, the surviving families and relatives of the Japanese who died overseas in the war are as hopeful as ever that the remains of their loved ones will one day be returned to their homeland.
Approximately 137,000 Japanese servicemen and civilians lost their lives in the Myanmar during World War II.
The remains of around 45,580 of these are yet to be repatriated to Japan.
It is the wish of the Japanese people and the government that as many of these remains as possible should be returned to Japan.
If you have any information of the remains of fallen Japanese servicemen or civilians who lost their lives in battles (for example, found when rebuilding your house or reclaiming land), or if you have any eyewitness information on caves or burial sites where the remains are spotted, please contact the Japan Association for Recovery and Repatriation of War Casualties (JARRWC).

**[address]**


**Myanmar Embassy Of Japan**
No.100 Natmauk Road,Bahan Township,Yangon,
The Union of Myanmar
(P.O.BOX No.841)
Tel : (1)5496～8
Fax: (1)549643

**Japan Association for Recovery and Repatriation of War Casualties**
Tel: (81-3)3581-2755
Fax: (81-3)6206-1880
Email:jigyoubu@jarrwc.jp


## ဒုတိယကမ္ဘာစစ်အတွင်းမြန်မာနိုင်ငံ၌ကျဆုံးသွားခဲ့သူများ၏ကြွင်းကျန်နေသောအရိုးများနှင့်ပတ်သက်သော သတင်းအချက်အလက်များကိုစုဆောင်းခြင်းလှုပ်ရှားမှုနှင့်ပတ်သက်၍ (ဂျပန်အစိုးရနှင့် JARRWC အသင်းမှအကူအညီတောင်းခံခြင်း)

စစ်အတွင်းကျဆုံးသွားခဲ့သူများ၏ ကြွင်းကျန်နေသော အရိုးများကို ပြန်လည်ကောက်ယူနိုင်ရန်နှင့် မူလနေရပ်များသို့ ပြန်လည်ပို့ဆောင်ပေးရန်အသင်း(Japan Association for Recovery and Repatriation of War Casualties) (အောက်တွင်-ဤအသင်းဟုအသုံးပြုပါမည်)သည်ဂျပန်အစိုးရကဆောင်ရွက်လျက်ရှိသောစစ်အတွင်းကျဆုံးသွားခဲ့သူများ၏အရိုးကောက်ခြင်းနှင့်၎င်းတို့နှင့်ဆက်နွယ်လျက်ရှိသောလုပ်ငန်းများအပေါ်၌လိုအပ်သောအကူအညီများကိုကူညီပေးခြင်းဖြင့်ဤလုပ်ငန်းများကိုပိုမိုတိုးတက်စေရန်နှင့်ဤလုပ်ငန်းများမှတဆင့်အရိုးကောက်ခြင်းနှင့်ဆက်နွယ်နေသောနိုင်ငံအသီးသီး၏နားလည်မှုနှင့်ချစ်ကြည်ရင်းနှီးမှုပိုမိုတိုးတက်စေရန်ရည်ရွယ်ကာ 1.7.2016၌စတင်တည်ထောင်ခဲ့ပါသည်။

ဤအသင်း၌19.8.2016တွင်ဂျပန်နိုင်ငံအစိုးရထံမှအရိုးကြွင်းကိုကောက်ယူနိုင်သည့်တခုတည်းသောအဖွဲ့အစည်းအဖြစ်အသိအမှတ်ပြုခံရပြီးစစ်အတွင်းကျဆုံးသွားခဲ့သူများ၏အရိုးကြွင်းများကိုကောက်ယူရန်နှင့်ဂျပန်နိုင်ငံသို့ပြန်လည်ယူဆောင်လာခြင်းလုပ်ငန်းများကိုလုပ်ဆောင်ကာစစ်အတွင်းကျဆုံးခဲ့သူများ၏ကြွင်းကျန်နေသောအရိုးများကိုပိုမိုကောက်ယူနိုင်ရန်ဆောင်ရွက်လျက်ရှိပါသည်။

ဂျပန်အစိုးရသည်1952ခုနှစ်မှစတင်၍ အငြိမ်းစားစစ်သားများနှင့်စစ်ဖြစ်ပွားခဲ့သောဒေသရှိအစိုးရဌာနအသီးသီးမှရရှိလာခဲ့သော သတင်းအချက်အလက်များကိုအခြေခံကာစစ်အတွင်းကျဆုံးခဲ့သည့်စစ်သားများ၏အရိုးများကိုကောက်ယူကာဂျပန်နိုင်ငံသို့ပြန်လည်ယူဆောင်လာပြီးဂျပန်နိုင်ငံအတွင်း၌အောက်မေ့ဖွယ်လုပ်ငန်းများကိုလုပ်ဆောင်ပေးခဲ့ပါသည်။ သို့သော်လည်းဒုတိယကမ္ဘာစစ်ပြီးဆုံးသည်ကနှစ်ပေါင်း70ကျော်ကြာမြင့်လာခဲ့သည့်အတွက် ကြွင်းကျန်နေသောအရိုးများနှင့်ပတ်သက်သည့် သတင်းအချက်အလက်စုဆောင်းရရှိခြင်းကနည်းပါလာသည့်အတွက်ကြောင့်ကြွင်းကျန် နေသည့်အရိုးများကိုကောက်ယူနိုင်ရန်ပိုမိုခက်ခဲလာပါသည်။

အထက်ပါအကြောင်းအမျိုးမျိုးကြောင့် ဤအသင်းသည် မြန်မာနိုင်ငံတွင်ကျဆုံးလေပြီးသော စစ်သားများ၏အရိုးကြွင်းများနှင့်သက်ဆိုင်သည့်သတင်းအချက်အလက်များကိုပိုမိုရရှိနိုင်ရန်အတွက်လုပ်ငန်းများကိုစတင်လုပ်ဆောင်ခဲ့ပါသည်။ဂျပန်အစိုးရအနေဖြင့်ရရှိထားသည့်သတင်းအချက်အလက်များအရမြန်မာနိုင်ငံတွင်ကျဆုံးခဲ့သောစစ်သည်များစာရင်းနှင့်အစိုးရမှ စေလွှတ်ခဲ့သောအဖွဲ့က ပြန်လည်ယူဆောင်လာခဲ့သည့် အရိုးစုပေါင်းစာရင်းနှင့်ကျန်ရှိနေသောအရိုးကြွင်း၏စာရင်းအရေအတွက်မှာအောက်ပါအတိုင်းဖြစ်ပါသည်။

| ဒေသ | | ကျဆုံးခဲ့သော စစ်သားဦးရေ | ပြန်လည်ယူဆောင်လာခဲ့သော အရိုးစုပေါင်း၏အရေအတွက် | ကျန်ရှိနေသောအရိုးကြွင်း၏အရေအတွက် |
|---|---|---|---|---|
| မြန်မာ | မြစ်ကြီးနားမြို့အနီးတဝိုက် | ၁၃၇၀၀၀ ဦး | ၄၈၆၃တိုင် | ၄၅၅၈၀တိုင် |
| | ကလေးမြို့အနီးတဝိုက် | | ၁၃၁၄၁တိုင် | |
| | မိတ္ထီလာမြို့အနီးတဝိုက် | | ၄၄၃၂တိုင် | |
| | မော်လမြိုင်မြို့အနီးတဝိုက် | | ၇၈၆၈တိုင် | |

ဂျပန်အစိုးရနှင့် ဤအသင်းကဆောင်ရွက်နေသော အရိုးကြွင်းကောက်ယူခြင်းသည် (ကျဆုံးလေပြီးသောသူများ၏အရိုးကိုကျန်ရစ်သူမိသားစုထံပြန်ပို့ပေးခြင်းဖြင့် သေလွန်သူတို့ကဘဝတပါးသို့ကောင်းမွန်စွာကူးပြောင်းနိုင်ရန်) ဆိုသည့်ဂျပန်လူမျိုးတို့၏ဓလေ့ထုံးစံအရကျန်ရစ်သူမိသားစုများကပြင်းပြစွာတောင်းဆိုမှုကြောင့်ဆောင်ရွက်နေသောလုပ်ငန်းသာဖြစ်ပြီးကြွင်းကျန်နေသောအရိုးများကို စုကောက်ကာယူပြန်ရန်အပြင်အခြား မည်သည့်ရည်ရွယ်ချက်မှမရှိပါ။

လက်တွေ့ကျကျ ပြောရမည်ဆိုပါက၊ မိမိတို့၏အနီးအနားရှိ မြို့ရွာပတ်ဝန်းကျင်တွင် ဂျပန်စစ်သားများနှင့် သက်ဆိုင်သော သတင်းအချက်အလက်များရရှိလာပါက အတတ်နိုင်ဆုံး ဂျပန်အစိုးရကပြုစုထားသည့်စာရွက်ပုံစံ(သီးခြားစာရွက်)ကို အခြေခံကာ မျက်နှာဖုံးရှိဆက်သွယ်ရန်ဌာနသို့ ဆက်သွယ်ပေးစေလိုပါသည်။ ထို့အပြင်ဂျပန်လူမျိုး၏အရိုးဟုယူဆသောအရိုးကိုတွေ့ရှိခဲ့ပါက ထိုအရိုးများကိုဓာတ်ခွဲခန်းတွင်စမ်းသပ်ရန်လိုအပ်ပါသဖြင့်တွေ့ရှိသောအရိုးများကိုတနေရာတည်းသို့စုစည်းလိုက်ခြင်းအစရှိသည်တို့ကိုမပြုလုပ်ဘဲ တွေ့ရှိသည့် အနေအထားအတိုင်း အကြောင်းကြားပေးစေလိုပါသည်။

ဤကဲ့သို့ဂျပန်အစိုးရနှင့်မိမိတို့၏အသင်းဆောင်ရွက်မှုများကိုလူသားချင်းစာနာသည့်အနေဖြင့်နားလည်ပေးရန်နှင့်ဆက်လက်ကူညီပေးရန်တောင်းဆိုအပ်ပါသည်။